# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အမိန့်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
အမိန့်အမှတ် ၁၀၁ /၂၀၂၀
၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၆ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ် နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၁၂-၈-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၈၈/၂၀၂၀ အရ လူ ၃၀ ဦးဖြစ်စေ၊ လူ ၃၀ ဦးထက်ပို၍ ဖြစ်စေ စုဝေးခြင်းပြုနိုင်သည့် ကိစ္စရပ်များတွင် "ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန် (SOP)နှင့်အညီ နေရာအနေအထား၊ အကျယ် အဝန်းအပေါ်မူတည်၍ တစ်ကြိမ်လျှင် လူ ၅၀ ဦးထက်မပိုသော ရွေးကောက်ပွဲ ဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်း" ကိစ္စရပ်ကို ထပ်မံဖြည့်စွက် လိုက်သည်။

၃။ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းကိစ္စရပ် အတွက် စုဝေးခြင်းပြုနိုင်သည့်နေရာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည် -

(က) လူတစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဝဲ၊ ယာ အနည်းဆုံး ၆ ပေစီ ကွာလျက် နေရာချထားစီမံဆောင်ရွက်ရန်၊

(ခ) နေရာအနေအထား၊ အကျယ်အဝန်းအား တွက်ချက်ရာတွင် အခြေခံအားဖြင့် လူတစ်ဦးအတွက် ၃၆ စတုရန်းပေနှုန်းဖြင့် တွက်ချက်၍ စီမံဆောင်ရွက်ရန်၊

(ဂ) လေဝင်လေထွက်ကောင်းသောနေရာများတွင်သာ စီမံဆောင်ရွက် ရန်၊

(ဃ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များ အတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရန်။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ရွှေဘိုမြို့နယ်နှင့် ဝက်လက်မြို့နယ်တို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး

ရွှေဘို စက်တင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကို အောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသောင်းဟိန်းနှင့် ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက ရွှေဘိုမြို့နယ်အတွင်းရှိ ကျေးရွာ များတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေဘိုမြို့နယ်အတွင်းရှိ တက်တူ၊ ဝင်းစည် စသည့် ကျေးရွာများ တွင် မိုးစပါးများ ပျိုးထောင်စိုက်ပျိုး ထားရှိမှုအခြေအနေတို့ကို ကြည့်ရှု စစ်ဆေးပြီး (ယာအပေါ်ပုံ) ကျန်ရှိ တောင်သူများအတွက် စိုက်ပျိုးရေ ဖူလုံစွာရရှိရေးကိုလည်း အထူးအလေး ထား၍ လိုအပ်သည်များကို တာဝန် ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးရာ ဝင်းစည်ကျေးရွာ နှင့် ကွန်ဆိပ်ကျေးရွာချင်းဆက် ကျောက်လမ်းကို ခင်းရန်အတွက် ထောက်ပံ့ ငွေကျပ် သိန်း ၅၀ ကို သက်ဆိုင်ရာ တာဝန်ရှိသူထံသို့ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရွှေဘိုမြို့နယ် ကွန်ဆိပ် ကျေးရွာမှ ဝက်လက်မြို့နယ် စိုင်နိုင် ကြီးကျေးရွာတို့သို့ ဆက်သွယ် ဖောက်လုပ်ထားသော ကတ္တရာလမ်း၊ ဂျင်းလမ်း၊ ကျောက်ချောလမ်းများကို အပိုင်းလိုက် အဆင့်မြှင့်တင်ချဲ့ထွင် ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ အချိန်မီ အမြန်ပြီးစီးရေး အတွက် သက်ဆိုင်ရာ တာဝန်ရှိသူ များနှင့် ပေါင်းစပ်ဖြည့်ဆည်းပေး၍ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြား သည်။

ထွန်းကိုကို(ယင်းမာပင်)

## ရန်ကုန်မြို့ရှိ အဝေးပြေးယာဉ်လိုင်း ၂၃၀ မှ မြို့၁၀၁ မြို့သို့ ခရီးသည်များ ပို့ဆောင်ပေးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့မှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခရီးသည်များ သယ်ယူပို့ဆောင်ပေးလျက်ရှိသည့် အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်း၊ ဒဂုံရောအဝေးပြေးယာဉ်ရပ်နားစခန်းတို့မှ အဝေးပြေး ယာဉ်များနှင့် ဒလမြို့နယ်မှ ဘိုကလေး၊ ကျိုက်လတ်၊ ဖျာပုံမြို့များသို့ပြေးဆွဲ သည့်ယာဉ်များအပါအဝင် ယာဉ်လိုင်းပေါင်း ၂၃၀ မှ ခရီးသည်များကို သယ်ယူ ပို့ဆောင်ပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်၏ ပြောကြားချက်အရ သိရသည်။

ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် အဝေးပြေး ယာဉ်လိုင်းများ ယာယီရပ်နားခဲ့သည်။ မေ၊ ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လ ဒုတိယပတ် အထိ အဝေးပြေးယာဉ်လိုင်းများတွင် ခရီးသည်များ ပုံမှန်စီးနင်းမှုရှိကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် - ၁၉ ရောဂါ ပိုမိုကူးစက် ဖြစ်ပွားလာမှုကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ချမှတ်ထားသည့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

ရန်ကုန်မြို့မှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြေးဆွဲပေးလျက်ရှိသည့် ယာဉ်အစီးရေမှာ စက်တင်ဘာ ၃ ရက် စာရင်းများအရ ယာဉ်လိုင်းပေါင်း ၂၃၀ မှ မြို့ ၁၀၁ မြို့သို့ ယာဉ်အစီးရေ ၇၇၂ စီးဖြင့် ပြေးဆွဲခဲ့ရာ ခရီးသည်ဦးရေ ၈၀၀၀ နီးပါးခန့် စီးနင်းခဲ့ကြောင်း သိရသည်။ အချို့ယာဉ်လိုင်းမှာ ခရီးသွားလာမှု မရှိသည့်အတွက် ရပ်နားထားသည်။

အဝေးပြေးယာဉ်လိုင်းများမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးအတွက် ထုတ်ပြန်ထားရှိသည့် စည်းကမ်းသတ်မှတ် ချက်များကို လိုက်နာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်သူရ**

## ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးက အဝတ်နှာခေါင်းစည်း ၁၂၀၀၀ ကို ကျောက်ဖြူမြို့ ဌာနဆိုင်ရာများနှင့် ပရဟိတအဖွဲ့များအား လှူဒါန်း

ကျောက်ဖြူ စက်တင်ဘာ ၆

ကျောက်ဖြူမြို့ ချမ်းမြေ့သာယာအဝေးပြေးကားကြီးဝင်းအတွင်းရှိ လေးဝတီ ကုလရက္ခိတ (ပရဟိတ) အသင်းရုံး၌ ယနေ့ မွန်းလွဲပိုင်းက မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးမှ ပေးပို့လှူဒါန်းသော အဝတ်နှာခေါင်းစည်း လူကြီးဝတ်အခု တစ်သိန်းနှင့် ကလေးဝတ်အခု နှစ်သောင်းကို ကျောက်ဖြူခရိုင် စက်မှုကြီးကြပ် ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက ဌာနဆိုင်ရာများ၊



အသိပညာပေးရေးနှင့် သတင်းစုဆောင်း ထုတ်ပြန်ရေးကော်မတီအဖွဲ့ လူမှုရေး အသင်းအဖွဲ့များအား ပေးအပ်လှူဒါန်းသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်တိုက်ဖျက်ရေးကို ကူညီပံ့ပိုးသည့်အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးကိုယ်စား ကျောက်ဖြူခရိုင် စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ညိုညိုမြင့်က နှာခေါင်းစည်းများကို လေးဝတီ ကုလရက္ခိတ (ပရဟိတ) အသင်းဥက္ကဋ္ဌ၊ ကျောက်ဖြူမြို့ ကိုဗစ်-၁၉ အလှူလက်ခံရေးကော်မတီအဖွဲ့ ဥက္ကဋ္ဌနှင့် စေတနာ့ဝန်ထမ်းများထံပေးအပ် ကာ (ဝဲပုံ) ပရဟိတအသင်းဥက္ကဋ္ဌနှင့် အလှူလက်ခံရေးကော်မတီဥက္ကဋ္ဌတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးမှ လှူဒါန်းသော အဝတ်နှာခေါင်းစည်း များကို ကျောက်ဖြူမြို့ ကိုဗစ်-၁၉ အလှူလက်ခံရေးကော်မတီများ၊ အသိပညာပေးရေးနှင့် သတင်းစုဆောင်းထုတ်ပြန်ရေးကော်မတီအဖွဲ့၊ ကျောက်ဖြူ ခရိုင်ပြည်သူ့ဆေးရုံ၊ ကိုဗစ်-၁၉ ကာကွယ်ရေးတွင် ကူညီဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းများ၊ ရမ်းဗြဲ၊ မာန်အောင်၊ အမ်းမြို့နယ်၊ ဇင်ချောင်းနှင့် လေးတောင်တိုက်နယ်များရှိ လူမှုရေးအသင်းအဖွဲ့များသို့ လှူဒါန်းပေးအပ်ခဲ့ကြ သည်။ အလှူလက်ခံရရှိသော အဝတ်နှာခေါင်းစည်းများကို အခြေခံလူတန်းစား များနှင့် ဈေးများတွင် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးဝေလင်း(ခရိုင်ပြန်/ဆက်)

## ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၁၄ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

ချင်းရွှေဟော် စက်တင်ဘာ ၆

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင် မြို့နယ် ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိရာ စက်တင်ဘာ ၅ ရက် ညနေ ၆ နာရီက ၁၁ ဦးနှင့် ယနေ့ မွန်းလွဲ ၃ နာရီက သုံးဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၄ ဦးတို့အား ထပ်မံ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၁၄ ဦးမှာ အမျိုးသားကိုးဦး၊ အမျိုးသမီး ငါးဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး မြစ်သား မြို့နယ်မှ နှစ်ဦး၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ် မြောက်ပိုင်း တန့်ယန်းမြို့နယ်မှ သုံးဦး၊ မိုင်းရယ်မြို့နယ်မှ နှစ်ဦး၊ လောက်ကိုင် မြို့နယ်မှနှစ်ဦး၊ သိန်းနီမြို့နယ်မှ သုံးဦးနှင့် ဟိုပန်မြို့နယ်မှ တစ်ဦးတို့ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ နေရပ်ပြန် ပြည်သူများအား စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၈၂၈၂ ဦးနှင့် အမျိုးသမီး ၆၆၉၀ တို့ဖြစ်ကာ စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၄၉၇၂ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)